## Highlights from DVB Debate’s Social Voices Influence and Campaign

## Oct 24, 2015

## “Which Societal Voices influence the Campaign?”

“ကျနော်တို့မွန်ပါတီကို မဲပေးရင် မွန်ပါတီတွေက အစိုးရမဖွဲ့နိုင်ဘူးဆိုတာမျိုး ပြောဆိုသုံးလာတာတွေရှိတယ်။ ဒါတွေက မဲဆန္ဒရှင်ပြည်သူတွေရဲ့ အမြင်ကို ဝေဝါးစေတယ်။ ဒီလွှမ်းမိုးမှုတွေကို ကျနော်တို့မှာ လိုက်ဖြေရှင်းနေရတယ်”

ဦးကျော်ဇေယျာဦး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မွန်အမျိုးသားပါတီ

---

“ကျနော်တို့ပြည်နယ်မှာက စာပေယဉ်ကျေးမှုအဖွဲ့တွေလွှမ်းမိုးမှုရှိတယ်၊ နောက် ဘာသာရေးအဖွဲ့အစည်းတွေ၊ ပါတီကြီးတွေရဲ့ ဩဇာတွေ လွှမ်းမိုးတာတွေရှိတယ်။ နောက်ပြီး လက်နက်ကိုင်၊ ပြည်သူ့စစ်တွေရဲ့ ဩဇာကလည်း သက်ဆိုင်ရာဒေသတွေမှာ သက်ရောက်ပါတယ်၊ အဲဒီဒေသကလူတွေကိုလည်း လွှမ်းမိုးမှုရှိနေတယ်”

ဦးစောသန်းမြင့် - ဖယ်ဒရယ်ပြည်ထောင်စုပါတီ ဥက္ကဋ္ဌ

---

“ပါတီကြီးတွေက ပါတီငယ်တွေကို အနိုင်ကျင့်တာ၊ ကိုကိုးကျွန်းလိုဒေသမျိုးကို မဲဆွယ်ခွင့်သွားမရအောင် အုပ်ချုပ်ရေးပိုင်းက လွှမ်းမိုးတာမျိုးတွေက မဖြစ်သင့်ပါဘူး”

ဦးခိုင်မောင်ရည် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

---

“ဘာသာရေးအသီးသီးကြီးက အကြီးအကဲတွေ ဘာသာရေးခေါင်းဆောင်တွေက မဲဆန္ဒရှင်ပြည်သူတွေအပေါ် အနည်းအများသက်ရောက်မှုတော့ရှိမှာပဲ ဒါပေမယ့် ပြည်သူတွေက မဲပေးရာမှာတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ ဆုံးဖြတ်ကြဖို့ ပြောပြပေးရမယ်။”

ဦးစောသန်းမြင့် - ဖယ်ဒရယ်ပြည်ထောင်စုပါတီ ဥက္ကဋ္ဌ

---

“ကျနော်တို့ အလုံမှာ အုပ်ချုပ်ရေးပိုင်းလွှမ်းမိုးမှုရှိကိုရှိနေတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်ရှင်းလင်းပွဲလုပ်ရင်တောင် ပြည်သူက အုပ်ချုပ်ရေးမှူး ကြောက်ပြီး မလာရဲဘူးဗျ။ ဒီတော့ ကျနော်ပဲ လူထုထဲလိုက်ဆင်းတယ်”

ဦးခိုင်မောင်ရည် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

---

“ဘာသာရေးကိစ္စတွေမှာ ရွေးကောက်ခံမယ့် ကိုယ်စားလှယ်လောင်းတွေရော နိုင်ငံရေးပါတီတွေဟာ ကင်းကင်းရှင်းရှင်းနေသင့်တယ်”